ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၅) ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်

မာတိကာစဉ်

၁။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေအသစ်များအကြောင်း သိကောင်းစရာ။ ၂-၄

၂။ လျှပ်စစ်သုံးယာဉ်နှင့်စပ်လျဉ်း၍ အကောက်ခွန်နှုန်းလျှော့ချသတ်မှတ်ခြင်းနှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုခြင်း။ ၅

၃။ ဆိုက်ဘာလုံခြုံရေးအကြောင်းသိကောင်းစရာ။ ၆-၉

၄။ အလာဘာားမားခရိုင်တရားရုံး၏ ငွေသားအာမခံစနစ်က ဖွဲ့စည်းပုံအခြေခံဥပဒေအား ဖောက်ဖျက်ခြင်း ရှိ မရှိ အမေရိကန်တရားရုံးချုပ်က ဆုံးဖြတ်ရန် ငြင်းဆိုခြင်း။ ၁၀-၁၁

၅။ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင်ချုပ်ဆိုကြသည့် Non-Disclosure Agreement (NDA) အကြောင်းသိကောင်းစရာ။ ၁၂-၁၄

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေအသစ်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေဘာသာပြန်ဌာနခွဲ (Legal Translation Division) က အင်္ဂလိပ်ဘာသာပြန်ဆိုထားသော The Insolvency Law ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ဥပဒေဘာသာပြန်ဌာနခွဲ (Legal Translation Division) သည် ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေ ၃၅ နှင့်အညီ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုနေသော ဌာနဖြစ်ပြီး ၎င်းဌာနက ဘာသာပြန်ဆိုထားသောဥပဒေများကို တရားဝင်ဘာသာပြန်ဆိုချက်အဖြစ် အသုံးပြုနိုင်သည်။

ဥပဒေဘာသာပြန်ဌာနခွဲက ဘာသာပြန်ဆိုထားသော The Insolvency Law မှာ (၁၄.၂.၂၀၂၀) ရက်နေ့က ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁/၂၀၂၀) ၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကို ပြန်ဆိုထားခြင်းဖြစ်ပြီး ယင်းဥပဒေတွင် အပိုင်း (၁၁) ပိုင်း၊ ပုဒ်မပေါင်း ၄၂၅ ခု ပါရှိသည်။

နိုင်ငံတော်၏ဥပဒေစနစ်နှင့် ကူးသန်းရောင်းဝယ်ရေးစနစ်များအကြား လိုက်လျောညီထွေဖြစ်စေရန်၊ အလားအလာရှိသော စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် နိုင်ငံတော်အတွင်းရှိ မိုက်ခရိုအသေးစားနှင့် အလတ်စားလုပ်ငန်းများ ငွေကြေး အခက်အခဲ ကြုံတွေ့ရသည့်အခါ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူများပေးခြင်း၊ ထိုမှတစ်ဆင့် လုပ်ငန်းများ ပြန်လည်ရှင်သန်စေပြီး အလုပ်အကိုင်များတည်မြဲစေခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ပေးရန်၊ လူမွဲခံယူသည့်စနစ်ကို အလွဲသုံးစားပြုခြင်းမှတားဆီးရန်စသည်ဖြင့် ဤဥပဒေ၏ ရည်ရွယ်ချက်များကို ပုဒ်မ ၆ တွင် လေ့လာနိုင်သည့်ပြင် ဤဥပဒေတွင် ထူးခြားသော ပြဋ္ဌာန်းချက်အချို့လည်းပါရှိသည်။

ဥပဒေအာဏာတည်ခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၁(ခ)တွင် အပိုင်း(၂)ပိုင်းဖြင့် ပြဋ္ဌာန်းထားသည်။ ဤဥပဒေသည် နိုင်ငံတော်သမ္မတကအမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်ဟုလည်းကောင်း ၊ဤဥပဒေ၏ အပိုင်း(၁၀)ပါပြဋ္ဌာန်းချက်များသည် နိုင်ငံတော်သမ္မတက

သီးခြားအမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် နေ့ရက်မှသာလျှင် စတင် အာဏာတည်စေရမည်ဟုလည်းကောင်း ပြဋ္ဌာန်းချက်ပါရှိသည်။ သို့ဖြစ်၍ ဤဥပဒေသည် နိုင်ငံတော်သမ္မတက (၂၅.၃.၂၀၂၀)ရက်နေ့တွင် စတင်အာဏာတည်ကြောင်း အမိန့်ကြော်ငြာစာဖြင့်ထုတ်ပြန်ခဲ့သော်လည်း အပိုင်း(၁၀)ပါ နယ်စပ်ဖြတ်ကျော်လူမှုခံယူခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များမှာ အာဏာတည်သည့်ရက် ထုတ်ပြန်ခြင်းမရှိသေး၍ အာဏာသက်ရောက်ခြင်းမရှိသေးပါ။

ထို့ပြင်ဤဥပဒေတွင် နိုင်ငံတော်၏ အပြည်ပြည်ဆိုင်ရာတာဝန်များနှင့် စပ်လျဉ်း၍ လိုက်နာရမည့် ပြဋ္ဌာန်းချက်ကို ပုဒ်မ ၃၇၁ တွင် လေ့လာနိုင်သည်။ ပုဒ်မ ၃၇၁ တွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ပြီးအခြားနိုင်ငံ သို့မဟုတ် နိုင်ငံများနှင့် ချုပ်ဆိုထားပြီး အာဏာသက်ရောက်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် သို့မဟုတ် အခြားသောသဘောတူညီချက်များအရ ဆောင်ရွက်ရမည့် နိုင်ငံတော်၏ တာဝန်နှင့် ဤအပိုင်းပါ ပြဋ္ဌာန်းချက်များ ဆန့်ကျင်ကွဲလွဲနေလျှင် ထိုအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် သို့မဟုတ် အခြားသော သဘောတူညီချက်က လွှမ်းမိုးစေရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်ပါရှိသည်။

နိုင်ငံခြားလူမှုမှုခင်းများကို အသိအမှတ်ပြုခြင်း၊ နိုင်ငံခြားတရားရုံးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပုဒ်မ ၃၇၂ နှင့် ၄၁၇ တို့တွင် ပြဋ္ဌာန်းပေးထားသည်။ ယင်းပြဋ္ဌာန်းချက်များမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ချုပ်က လွှဲအပ်သည့် တရားရုံးက ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အထူးစီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းခြင်း၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အထူးတရားရုံးတည်ထောင်ခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်းပါရှိသည်။ နိုင်ငံခြားတရားစီရင်မှုနှင့် စပ်လျဉ်း၍ ပုဒ်မ ၃၇၄ နှင့် မဆန့်ကျင်စေဘဲ နိုင်ငံခြားလူမှုမှုခင်းများကို အသိအမှတ်ပြုကြောင်းနှင့် လူမှုမှုခင်းတစ်ခုတွင် ပါဝင်သူ နိုင်ငံခြားမြီရှင်များသည် နိုင်ငံတော်အတွင်းရှိ မြီရှင်များကဲ့သို့ တန်းတူအခွင့်အရေးရရှိစေရမည်ဖြစ်ကြောင်း ပုဒ်မ ၃၈၁ နှင့် ၃၈၅ တို့တွင် ပြဋ္ဌာန်းချက်ပါရှိသည်။ သို့ဖြစ်၍ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများနှင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုသော မည်သည့်နိုင်ငံခြားသားမဆို

လူမွဲခံယူလိုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုက်နာရမည့်အချက်များကို The Insolvency Law တွင် အလွယ်တကူ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်သည်။

အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းခဲ့သော ဥပဒေဟောင်းများဖြစ်သည့် The Yangon Insolvency Act. (INDIA Act III, 1909) နှင့် The Myanmar Insolvency Act. (INDIA Act V, 1920) တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ကိုင်သော အဖွဲ့အစည်းများသည် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကြွေးမြီများနှင့်စပ်လျဉ်း၍ လူမွဲခံယူလိုသည့်ကိစ္စရပ်များအတွက် လူမွဲခံယူခြင်းဆိုင်ရာဥပဒေ (The Insolvency Law) ကို မြန်မာဘာသာဖြင့်သော်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့်သော်လည်းကောင်း MLIS တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။

ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## လျှပ်စစ်သုံးယာဉ်နှင့်စပ်လျဉ်း၍ အကောက်ခွန်နှုန်းလျှော့ချသတ်မှတ်ခြင်းနှင့်ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဘက်ထရီလျှပ်စစ်သုံးယာဉ်အမျိုးအစားများ၊ ဆက်စပ်ပစ္စည်းများနှင့်အပိုပစ္စည်းများအတွက် အကောက်ခွန်နှုန်းလျှော့ချသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(ဃ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၂၃ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါ အမိန့်ကြော်ငြာစာဖြင့် ၂၀၂၃ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်အထိ ပြည်ပမှတင်သွင်းသောလျှပ်စစ်သုံးယာဉ်ဖြစ်သည့် နောက်တွဲယာဉ် (Road tractor for Semi-trailer)၊ ခရီးသည်တင်မော်တော်ယာဉ်၊ ကုန်တင်ယာဉ်၊ လူစီးယာဉ်၊ သုံးဘီးယာဉ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ထောင်ကား၊ လူနာတင်ယာဉ်နှင့်နိဗ္ဗာန်ယာဉ်စသည့် ယာဉ်များနှင့်ယင်းတို့၏ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများကို အကောက်ခွန်နှုန်း သုံညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ကြောင်း သိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၈/၂၀၂၂ ဖြင့် ပြဌာန်းသည့် ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ(က)၌လည်း ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေသည့် ကုန်စည်ဇယားတွင် အမှတ်စဉ် ၄၆ အဖြစ် ဘက်ထရီလျှပ်စစ်ကားနှင့် ယင်း၏ဘက်ထရီတို့ကိုဖြည့်စွက်ထားရာ ယင်းသို့ လျှပ်စစ်သုံးယာဉ်နှင့်စပ်လျဉ်း၍ အကောက်ခွန်နှုန်း လျှော့ချသတ်မှတ်ခြင်းနှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုခြင်းတို့ကြောင့် လျှပ်စစ်သုံးယာဉ်များကို အများပြည်သူစိတ်ဝင်စားမှုရှိခြင်း၊ လျှပ်စစ်သုံးယာဉ်များ၊ ဆက်စပ်ပစ္စည်းများနှင့် အပိုပစ္စည်းများကိုဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ခြင်း၊ နိုင်ငံအတွင်းလျှပ်စစ်သုံးယာဉ် အသုံးပြုမှု ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် ကမ္ဘာကြီးကို ပူနွေးပျက်စီးစေသည့် ယာဉ်မှအများဆုံးထုတ်လွှတ်သော ကာဗွန်ထုတ်လုပ်မှုကို လျှော့ချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် www.mopf.gov.mm

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၅) ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်

## ဆိုက်ဘာလုံခြုံရေးအကြောင်းသိကောင်းစရာ

ကမ္ဘာတစ်ဝှမ်း ICT ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်လာသည်နှင့်အမျှ ဆိုက်ဘာလုံခြုံရေးသည်လည်း အရေးပါသော အကြောင်းတရားတစ်ရပ်အဖြစ် ဖြစ်ပေါ်လာပါသည်။

ဆိုက်ဘာလုံခြုံရေးဆိုသည်မှာ နည်းပညာများ၊ လုပ်ငန်းစဉ်များနှင့် ကွန်ယက်လုပ်ငန်းများကို တိုက်ခိုက်ခြင်း၊ဖျက်ဆီးခြင်း သို့မဟုတ် ခွင့်ပြုချက်မရဘဲဝင်ရောက်ရယူခြင်းမှကာကွယ်ရန် ဒီဇိုင်းရေးဆွဲထားသော ပြုလုပ်ဆောင်ရွက်ချက်များ၊ စက်ကိရိယာများ၊ ပရိုဂရမ်များနှင့် အချက်အလက်များကို ဆိုလိုကြောင်း ပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ ဆိုက်ဘာလုံခြုံရေးသည် နည်းပညာဆိုင်ရာသတင်းအချက်အလက်များ၏ လုံခြုံရေးဟုလည်း ဆိုနိုင်ပါသည်။

အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၂ (ဒ) တွင် ဆိုက်ဘာတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ဖွင့်ဆိုထားရာ ဆိုက်ဘာတိုက်ခိုက်မှုတွင် ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာအရင်းအမြစ်ကိုအသုံးပြု၍ နိုင်ငံတော်အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားလုံခြုံရေး သို့မဟုတ် အများပြည်သူ၏ လုံခြုံရေးနှင့် အသက်အိုးအိမ်စည်းစိမ်ထိခိုက်ပျက်စီးစေရေးတို့ကို ရည်ရွယ်သည့် တိုက်ခိုက်မှု တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် ကြံရာပါအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဆိုက်ဘာလုံခြုံရေးသည် အစိုးရအဖွဲ့အစည်း၊ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ၊ အခြားအရေးပါသော လုပ်ငန်းစဉ်များ၏ အဖွဲ့အစည်းများမှ ကွန်ပျူတာနှင့် အခြားသောစက်ကိရိယာများတွင် အရေးကြီးသောသတင်းအချက်အလက်များကို စုဆောင်း သိမ်းဆည်းနိုင်ရေးအတွက် အရေးကြီးသောလုပ်ငန်းတစ်ရပ်ဖြစ်ပြီး ဆိုက်ဘာတိုက်ခိုက်မှုများကြောင့် သတင်းအချက်အလက်စနစ်များကို ထိခိုက်နိုင်သည့်အပြင် အစိုးရ၊ ပြည်သူနှင့်ပုဂ္ဂလိကကဏ္ဍ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများ၏ ပုံရိပ်တို့ကို ထိခိုက်စေနိုင်ပါသည်။

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၅) ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်


မြန်မာနိုင်ငံသည် ဆိုက်ဘာလုံခြုံရေးအနေအထားကို မြှင့်တင်ရန် တိကျသော လုပ်ထုံးလုပ်နည်းများနှင့်စီမံချက်များအားဖော်ဆောင်နိုင်မည့် ဆိုက်ဘာလုံခြုံရေးဥပဒေ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာမဟာဗျူဟာနှင့် မူဘောင်တို့ကို ပြဋ္ဌာန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးတည်လျက်ရှိရာ ဆိုင်ဘာ လုံခြုံရေးဆိုင်ရာမူဝါဒတစ်ရပ်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှအမိန့်ကြော်ငြာစာအမှတ် ၉/၂၀၂၃ ဖြင့် ၂၉- ၃- ၂၀၂၃ ရက်နေ့ တွင် ထုတ်ပြန်ခဲ့ကြောင်းတွေ့ရှိရပါသည်။ ဤဆိုက်ဘာလုံခြုံရေးဆိုင်ရာမူဝါဒကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၉၈/၂၀၂၁ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့်ရေးဆွဲခြင်း ဖြစ်ပါသည်။

ယင်းအမိန့်ကြော်ငြာစာတွင် ဆိုက်ဘာလုံခြုံရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများထုတ်ပြန်နိုင်ရေး ရည်မှန်းချက်ထား၍ အကောင်အထည်ဖော် ဆောင်ရွက်ကြမည် ဖြစ်ကြောင်း တွေ့ရှိရပြီး ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မူဝါဒများ ချမှတ်ခြင်းဖြစ်ပြီး မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက်၅နှစ် လျာထားသတ်မှတ်ထားကြောင်းတွေ့ရှိရပါသည်။

ဆိုက်ဘာလုံခြုံရေး ဆောင်ရွက်မည့်အရေးကြီးသည့် ကဏ္ဍများအဖြစ် ဖော်ပြထားရာအစိုးရအဖွဲ့အစည်းများ၏ကဏ္ဍ၊ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦးများ၏ကဏ္ဍ၊ ပုဂ္ဂလိကတစ်ဦးချင်းစီ၏ကဏ္ဍနှင့် ပညာရေးနယ်ပယ်၊ တက္ကသိုလ်များနှင့် သင်တန်းကျောင်းများမှ သုတေသနအဖွဲ့အစည်းများ၏ကဏ္ဍတို့အား ဦးစားပေးသတ်မှတ် ဆောင်ရွက်မည်ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ထို့ပြင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုက်ဘာကွန်ရက်တစ်ခုထူထောင်နိုင်ရန် နိုင်ငံတကာနှင့်ပူးပေါင်း၍လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်မည် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယခုလက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၀၄ခုနှစ်တွင်အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကိုလည်းကောင်း၊ ၂၀၂၁ခုနှစ်တွင် အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။ ဆိုက်ဘာလုံခြုံရေးနှင့် စပ်လျဉ်း၍ ဥပဒေ

ပြဋ္ဌာန်းနိုင်ရန် ရေးဆွဲလျက်ရှိရာ ဥပဒေကြမ်းအဆင့်သို့ ရောက်ရှိပြီးဖြစ်ပါသည်။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၃၈၏ နောက်၌ ပုဒ်မ ၃၈(က) မှ ၃၈(င)အထိ ပြစ်မှု၊ ပြစ်ဒဏ်များကို ထပ်မံဖြည့်စွက်ထားပြီး ဆိုက်ဘာနယ်ပယ်တွင် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်၊ အကြည်ညိုပျက်စေရန် သတင်းတု သို့မဟုတ် သတင်းမှားပြုလုပ် ဖန်တီးခြင်းကိုကျူးလွန်လျှင် ယင်းဥပဒေ ပုဒ်မ ၃၈(ဂ)ဖြင့်လည်းကောင်း၊ နိုင်ငံတော်၏အချုပ်အခြာအာဏာ၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး သို့မဟုတ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုခြိမ်းခြောက် နှောင့်ယှက်ရန် ခွင့်ပြုချက်မရှိဘဲ ဆိုက်ဘာအရင်းအမြစ်ကို ထိုးဖောက်ဝင်ရောက်ရန်ကြိုးစားခြင်း၊ ခွင့်ပြုချက်ထက်ပို၍ အသုံးပြုခြင်းဖြင့် ဆိုက်ဘာတိုက်ခိုက်မှုကို ကျူးလွန်လျှင် ပုဒ်မ ၃၈(ဃ)ဖြင့်လည်းကောင်း၊နိုင်ငံတော်နှင့်အခြားနိုင်ငံတို့၏ရင်းနှီးသောဆက်ဆံရေးကိုထိခိုက်ပျက်ပြားစေနိုင်သည့် ရည်ရွယ်ချက်၊ အကျိုးစီးပွားအလို့ငှာ နိုင်ငံတော်နှင့် အခြားနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နေသောလုံခြုံရေးလျှို့ဝှက်ထားသည့် ဆိုက်ဘာအရင်းအမြစ်ကို ခွင့်ပြုချက်မရှိဘဲထိုးဖောက်ဝင်ရောက်ရန် ကြိုးစားခြင်း သို့မဟုတ် ခွင့်ပြုထားသည် ထက်ပို၍ အသုံးပြုခြင်းဖြင့် ဆိုက်ဘာတိုက်ခိုက်မှုကို ကျူးလွန်လျှင် ပုဒ်မ ၃၈(င)တွင် လည်းကောင်း အသီးသီးအရေးယူ အပြစ်ပေးနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်၍ ယင်းအမိန့်ကြော်ငြာစာပါ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများချမှတ်ကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဆိုက်ဘာလုံခြုံရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများထွက်ပေါ်လာပါက ပိုမိုလုံခြုံသော ဆိုက်ဘာနယ်ပယ်များကို ထူထောင်နိုင်မည်ဖြစ်ပြီး အမျိုးသားလုံခြုံရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းရေးကိုများစွာ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါသည်။

ဒေါ်ချမ်းမြေ့ကြည်ကြည်ဇင်
လက်ထောက်ညွှန်ကြားရေးမှူး
စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

**Source:**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၂၃၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာမူဝါဒ။

Juliana De Groot , What is Cyber Secutity? Definition, Practices & Examples, April, 2023.

## အလာဘားမားခရိုင်တရားရုံး၏ ငွေသားအာမခံစနစ်က ဖွဲ့စည်းပုံအခြေခံဥပဒေအား ဖောက်ဖျက်ခြင်း ရှိ မရှိ အမေရိကန်တရားရုံးချုပ်က ဆုံးဖြတ်ရန်ငြင်းဆို

အမေရိကန်နိုင်ငံ၊ အလာဘားမားခရိုင်တရားရုံးနှင့် လက်အောက်ခံတရားရုံးများက ရာဇဝတ်မှုများတရားရုံးတင် စစ်ဆေးခြင်းမပြုမီ ရာဇဝတ်တရားခံများက အချုပ်လွတ်ထုချေခွင့် အာမခံရရှိရန် သတ်မှတ်ထားသော ငွေသားအာမခံပမာဏကို ပေးဆောင်ရန်လိုအပ်သည့် **ငွေသားအာမခံစနစ်**ကိုကျင့်သုံးနေခြင်းသည် အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ခြင်း ရှိ မရှိ ဆုံးဖြတ်ရန် အမေရိကန်နိုင်ငံတရားရုံးချုပ်က ပြီးခဲ့သည့် တနင်္လာနေ့တွင် ငြင်းဆိုခဲ့သည်။

အလာဘားမားခရိုင်တရားရုံး၏ ငွေသားအာမခံစနစ်ကိုလိုက်နာ၍ ချမှတ်သည့် ကူးမန်းစီရင်စု (Cullman County) တရားရုံး၏ ငွေသားအာမခံပေးသွင်းရန် ချမှတ်သည့်စီရင်ချက်အမိန့်ကို ဘရက်ဒလေ ဟက်စတာ (Bradley Hester) ဆိုသူက အလာဘားမားခရိုင်တရားရုံးတွင် အယူခံဝင်မှုခဲ့မှုအပေါ် ခရိုင်တရားသူကြီးများက ပယ်ချသည့်အမိန့်ချမှတ်ခဲ့သည်။ ဟက်စတာသည်အာမခံအဖြစ် ငွေသားဒေါ်လာ ၁၀၀၀ ပေးချေရန် မတတ်နိုင်သောကြောင့် ရာဇဝတ်မှုဖြင့် ဖမ်းဆီးခံရပြီးနောက် အချုပ်လွတ် ထုချေခွင့်အာမခံမရရှိဘဲ ဆက်လက်ချုပ်နှောင်ခံထားရသည်။

ဟက်စတာ သည် ကူးမန်းစီရင်စုတွင် မူးယစ်ဆေးဝါးပစ္စည်းများ လက်ဝယ်ပိုင်ဆိုင်မှုအတွက် ဖမ်းဆီးထိန်းသိမ်းခံထားရပြီးနောက် ၂၀၁၇ခုနှစ် တွင် တရားစွဲဆိုခံခဲ့ရသည်။ ငွေသားအာမခံပေးဆောင်ရန်မတတ်နိုင်ခြင်းကြောင့် ချုပ်နှောင်ခံနေရသောတရားခံများသည် ၎င်းတို့ရပိုင်ခွင့်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ “ဥပဒေအောက်တွင်တန်းတူအကာအကွယ်ရရှိရေး” အာမခံချက်ကို ချိုးဖောက်ခံနေရခြင်းဖြစ်သည့်အပြင် အမေရိကန်တရားစီရင်ရေးစနစ်၏ “အပြစ်မရှိဟုမှတ်ယူခြင်း” ခံရမည့် အခွင့်အရေးကိုလည်း ချိုးဖောက်ခံနေရခြင်းဖြစ်ကြောင်း ၎င်းက စောဒကတက်ခဲ့သည်။

၂၀၁၈ ခုနှစ်တွင် အလာဘားမားခရိုင်တရားသူကြီးတစ်ဦးက ကူးမန်းစီရင်စု၏ ငွေသားအာမခံစနစ်ကို ယာယီတားမြစ်ခဲ့ပြီး ဟက်စတာသည် “ဥပဒေအောက်တွင်တန်းတူအကာအကွယ်ရရှိရေး” အာမခံချက်ကိုခံစားရမည့် အခွင့်အရေးရရှိခဲ့ခြင်းမရှိကြောင်း စီရင်ချက်ချခဲ့သည်။ သို့သော် ၂၀၂၂ ခုနှစ်

တွင် ၁၁ ကြိမ်မြောက် အမေရိကန်နယ်လှည့်အယူခံတရားရုံး (11th U.S. Circuit Court of Appeals panel) က အဆိုပါစီရင်ချက်ကို ပြောင်းပြန်လှန်ခဲ့ပြီးနောက် ဟက်စတာက အဆိုပါအမိန့်ကို တရားရုံးချုပ်သို့ အယူခံဝင်ခဲ့ခြင်းဖြစ်သည်။

အာမခံစနစ်ပြုပြင်ပြောင်းလဲရေး ရှေ့နေများက ငွေသားအာမခံစနစ်ကြောင့် တရားခံသည် လွတ်လပ်မှုဆုံးရှုံးခြင်းအပြင် ချုပ်နှောင်ခံနေရစဉ်အတွင်း အကြမ်းဖက်မှုနှင့် ရောဂါဘယများကြုံတွေ့ ရနိုင်ပြီး အလုပ်အကိုင်နှင့် အိုးအိမ်များဆုံးရှုံးကာ ၎င်းတို့အား အချုပ်မှလွှတ်ပေးရေးအတွက် အပြစ်ရှိကြောင်း ဝန်ခံရန် အတင်းအကြပ် ဖိအားပေးခြင်း ခံရနိုင်သည်ဟု ထောက်ပြပြောဆိုနေကြသည်။

ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်- Reuters သတင်းစာမျက်နှာ

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၅) ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်

## စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ချုပ်ဆိုကြသည့် Non-Disclosure Agreement (NDA) အကြောင်းသိကောင်းစရာ

NDA ဆိုသည်မှာ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စာချုပ်ဝင်များအကြား လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်များကို ထုတ်ဖော်ခြင်းမရှိဘဲ ထိန်းသိမ်းထားရန် ချုပ်ဆိုသော စာချုပ်တစ်ခုဖြစ်ပါသည်။ NDA သည် စာချုပ်ဝင် သို့မဟုတ် စာချုပ်ဝင်များက မိမိတို့ ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့်အချက်အလက်များကို အခြားသူသို့ မျှဝေခြင်းမပြုဘဲ သတ်မှတ်ထားသည့် လုပ်ငန်းဆောင်ရွက်မည့်အချိန်ကာလအထိ ထိန်းသိမ်းထားရန်အတွက် ချုပ်ဆိုခြင်းဖြစ်၍ စီးပွားလုပ်ငန်းလုပ်ကိုင်ရာတွင် စာချုပ်ဝင်နှစ်ဦးနှစ်ဖက်အတွက် အလွန်အရေးပါသော စာချုပ်အမျိုးအစားဖြစ်ပြီး ဥပဒေအရစည်းနှောင်မှုရှိသည့် စာချုပ်အမျိုးအစားဖြစ်ပါသည်။

NDA ကို မည်သည့်အတွက်ကြောင့် ချုပ်ဆိုရခြင်းဖြစ်သည်ဆိုလျှင် ရင်းနှီးမြှုပ်နှံသူများက စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့လုပ်ငန်းနှင့်စပ်လျဉ်းသည့်အချက်အလက်များဖြစ်သည့်ထုတ်ကုန်များ၊ မူပိုင်ခွင့်များ၊ ideas စသည့် ထိခိုက်လွယ်သောအချက်အလက်များကို အခြားစီးပွားရေးလုပ်ဆောင်သူများ၊ စာချုပ်ဝင်မဟုတ်သည့် တတိယပုဂ္ဂိုလ်များသို့ မျှဝေပေါက်ကြားစေခြင်းမရှိရန် ရည်ရွယ်၍ချုပ်ဆိုခြင်းဖြစ်ပါသည်။ အကယ်၍ အချက်အလက် များပေါက်ကြားသွားပါက စီးပွားရေးလုပ်ငန်းနှင့်သက်ဆိုင်သည့် မူပိုင်ခွင့်များ၊ ideas တို့အား ခိုးယူ၍ ယှဉ်ပြိုင်ဆောင်ရွက်မှုများ ဖြစ်ပေါ်လာနိုင်ပြီး လုပ်ဆောင်နေသော စီးပွားရေးလုပ်ငန်းတွင်လည်း ထိခိုက်မှုများဖြစ်ပေါ်လာနိုင်ပါသည်။ သို့သော် သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်သည့် အခြေအနေအပေါ် မူတည်၍ဖြစ်စေ၊ အာဏာပိုင်များက ကြီးကြပ်စစ်ဆေးရန် လိုအပ်သည့်အခါ ထုတ်ဖော်ပြသရန်ဖြစ်စေ၊ ဥပဒေနှင့်အညီ လိုအပ်ချက်အပေါ်မူတည်၍ ထုတ်ဖော်ပြသရန်ဖြစ်စေ စသည့် အခြေအနေများတွင် ထုတ်ဖော်နိုင်ပါသည်။

ထုတ်ဖော်ခြင်းမရှိသောသဘောတူညီချက်၏ရည်ရွယ်ချက်မှာ လျှို့ဝှက်ခြင်းနှင့်အကာအကွယ်ပေးခြင်းတို့ဖြစ်သဖြင့် လျှို့ဝှက်ထိန်းသိမ်းရေးသဘောတူညီချက်ဖြင့် ကာကွယ်ထားသော အချက်အလက်များသည် ထုတ်ကုန်အသေးစိတ်အချက်အလက်များမှ သုံးစွဲသူစာရင်းများအထိ အားလုံး

ပါဝင်နိုင်သည်။ လုပ်ငန်းပုံစံများ၊ စမ်းသပ်မှုရလဒ်များနှင့် ပိတ်ပင်ထားသော သတင်းထုတ်ပြန်ချက်များ သို့မဟုတ် ထုတ်ကုန်ပြန်လည်သုံးသပ်ခြင်းများသည်ပင် NDA တွင် အကျုံးဝင်နိုင်ပါသည်။

NDA ချုပ်ဆိုလေ့ရှိသည့် လုပ်ငန်းအမျိုးအစားအချို့မှာ အကြံပေး သို့မဟုတ် ကျွမ်းကျင်သူငှားရမ်းသည့်လုပ်ငန်း၊ လျှပ်စစ်ဓာတ်အားဝယ်ယူခြင်းလုပ်ငန်းများ၊ အိမ်ရာစီမံကိန်းများ ဆောင်ရွက်သည့်လုပ်ငန်းနှင့် သတ္တုတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းတို့ဖြစ်ပြီး အခြားလုပ်ငန်းများတွင်လည်း လုပ်ငန်းသဘောသဘာဝလိုအပ်ချက်နှင့်အညီ ချုပ်ဆိုလေ့ရှိကြပါသည်။ ထိုသို့ ချုပ်ဆိုရာတွင် အချို့စာချုပ်များ၌ NDA နှင့်စပ်လျဉ်း၍ စာချုပ်တစ်ခုတည်းတွင် စည်းကမ်းချက် အပိုဒ်တစ်ခုအနေဖြင့်လည်းကောင်း၊ အခန်းတစ်ခုအနေဖြင့်လည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိတတ်ပါသည်။ ယခုနောက်ပိုင်းတွင် NDA စာချုပ်တစ်ရပ်အနေဖြင့် သီးခြားချုပ်ဆိုလာကြ သည်ကိုလည်းတွေ့ရှိရပါသည်။

NDA တွင်အဓိကပါဝင်လေ့ရှိသည့် စည်းကမ်းချက်များမှာ လျှို့ဝှက်ရမည့်(ထုတ်ဖော်ပြောကြားခြင်းမပြုရမည့်) အချက်အလက်များသတ်မှတ်ခြင်း၊ သဘောတူညီချက်တွင် ပါဝင်မည့်စာချုပ်ဝင်များသတ်မှတ်ခြင်း၊ သဘောတူညီချက်အရထိန်းသိမ်းရမည့်သက်တမ်းကာလ၊ စာချုပ်ဝင်များ၏တာဝန်များ၊ အချက်အလက်များပြန်လည်အပ်နှံခြင်း၊ သဘောတူညီချက်ချိုးဖောက်မှုအတွက် ကုစားခြင်း၊ စာချုပ်ရပ်စဲခြင်းနှင့် NDA ချိုးဖောက်မှု၏ အကျိုးဆက်များတို့ဖြစ်ပါသည်။

NDA တွင် လျှို့ဝှက်ချက်အားထိန်းသိမ်းရမည့် အချိန်ကာလသည် တစ်နှစ်မှ ၁၀ နှစ်ကြား ရှိနိုင်သော်လည်း၊ လျှို့ဝှက်ထားရမည့် အချက်အလက်များပေါ်မူတည်၍ NDA တစ်ခုသည် စာချုပ်သက်တမ်းကုန်ဆုံးသော်လည်း စာချုပ်ပါသတ်မှတ်အချိန်ကာလအထိ ထိန်းသိမ်းထားရန် လိုအပ်သကဲ့သို့ အချိန်အကန့်အသတ်မရှိ စောင့်ထိန်းရသည့် ကိစ္စရပ်လည်းရှိနိုင်ပါသည်။

NDA ၏ အချက်အလက်များ ပြန်လည်အပ်နှံခြင်းတွင် စာချုပ်ဝင်များအကြား လုပ်ငန်းပြီးဆုံးသည် သို့မဟုတ် လုပ်ငန်းဆောင်ရွက်နေစဉ်တွင် စာချုပ်ရပ်စဲရသည့် အခြေအနေ ပေါ်ပေါက်လျှင်သဘောတူညီချက်တွင် ရရှိထားသော မည်သည့်စာရွက်စာတမ်းများကိုမဆို ပြန်လည်ပေးအပ်ရမည်ဖြစ်ပြီး အီလက်ထရွန်းနစ်ဒေတာ၊ လျှို့ဝှက်အချက်အလက်များကို လုပ်ငန်းအပ်နှံသူထံ ပြန်လည်

ပေးပို့ရန် သို့မဟုတ် ဖျက်ဆီးရန် သို့မဟုတ် ဖျက်ပစ်ရန် လိုအပ်သည် စသည့်စည်းကမ်းချက်များ ထည့်သွင်းလေ့ရှိပါသည်။

စာချုပ်တွင်ဖော်ပြလေ့ရှိသည့် စည်းကမ်းချက်မှာ NDA ကို ချိုးဖောက်ပါက နစ်နာမှု တစ်စုံတစ်ရာအတွက် ညှိနှိုင်းဆောင်ရွက်၍ဖြစ်စေ၊ သက်ဆိုင်ရာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ တရားရုံး တစ်ခုခုတွင်ဖြစ်စေ အဆိုပါနစ်နာမှုအတွက် ကုစားခွင့်၊ သက်သာခွင့်အား တောင်းဆိုနိုင်သည်ဟု ဖော်ပြလေ့ရှိပါသည်။

သို့ဖြစ်ရာ NDA ကို ချိုးဖောက်ပါက ယင်းစာချုပ်တွင် ဖော်ပြထားသော အကျိုးဆက်များကို ခံစားရမည်ဖြစ်ရာ ထုတ်ဖော်ပြောဆိုသည့် စာချုပ်ဝင်တစ်ဖက်က ကျန်စာချုပ်ဝင်တစ်ဖက်ထံ တားမြစ်ချက်များ၊ နစ်နာမှုအတွက် အရေးယူဆောင်ရွက်မည့် အခြေအနေများကို ဖော်ပြသင့်ပြီး မူပိုင်ခွင့် သို့မဟုတ် ကုန်အမှတ်တံဆိပ် ချိုးဖောက်မှုအတွက် ဆောင်ရွက်နိုင်သည့် စည်းကမ်းချက်များကိုလည်း ထည့်သွင်းဖော်ပြနိုင်ပါသည်။ NDA ကို ဖောက်ဖျက်ခြင်းသည် ရာဇဝတ်မှုဟု မယူဆနိုင်သော်လည်း ချိုးဖောက်ခဲ့သည့်အကြောင်းအရာအပေါ်မူတည်၍ ရာဇဝတ်မှုတစ်ခုဖြစ်နိုင်ပါသည်။ ဥပမာ ကုန်သွယ်မှုလျှို့ဝှက်ချက်များကို ခိုးယူခြင်းဖြစ်ပါက ရာဇသတ်ကြီးနှင့်အရေးယူ ဆောင်ရွက်ခြင်းခံရနိုင်ပါသည်။

သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့လုပ်ငန်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို စာချုပ်ဝင်များအကြား လျှို့ဝှက်ထိန်းသိမ်းရမည့် တာဝန်များ သတ်မှတ်ရန် NDA ချုပ်ဆိုဆောင်ရွက်ခြင်းသည် အရေးကြီးပါကြောင်း တင်ပြအပ်ပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန